

[illegible]

# ဦးဗလ(သုမောင်) (၁၉၅၁-၂၀၁၀)

- ၁၉၅၁ ခုနှစ် မတ် ၁၃ရက် (အင်္ဂါနေ့) ညနေတွင် ဖခင် စာရေး ဆရာ၊ ရုပ်ရှင်ဒါရိုက်တာ (ဦး)သာဓု နှင့် မိခင် မူလတန်းကျောင်းအုပ် ဆရာမကြီး ဒေါ်ခင်ညို တို့မှ ရန်ကုန်မြို့တွင် မွေးဖွားသည်။ အမည်ရင်းမှာ မောင်ဗလဖြစ်သည်။ ၁၉၆၉ ခုနှစ် တွင် ယုဝတီဂျာနယ်၌ စာပြင်ဆရာအဖြစ်ဝင်ရောက်လုပ်ကိုင်ရင်း မောင်ညိုအောင် အမည်ဖြင့် ကဗျာတိုလေးများ စတင်ရေးသားသည်။ ၁၉၇၁ ခုနှစ် မတ်လတွင် ဝတ်မှုန်မဂ္ဂဇင်းကို ကိုယ်ပိုင် ထုတ်ဝေပြီး အယ်ဒီတာလုပ်သည်။ ထိုမဂ္ဂဇင်းတွင်အုပ်စိုးအမည်ဖြင့်သနပ်ခါးရည်ကျဲကျဲဝတ္ထုတို့ကိုရေးခဲ့သည်။
- ၁၉၇၃ ခုနှစ် စက်တင်ဘာလထုတ် ရှုမဝမဂ္ဂဇင်းတွင် ငယ်အိပ်မက်အမည်ရှိ ဝတ္ထုကို စတင်ဖော်ပြခံရခြင်းဖြင့် သုမောင်အမည်ကို ရယူခဲ့ပါသည်။ ၁၉၇၄ ခုနှစ်တွင်အချစ်အမည်ရှိလုံးချင်းဝတ္ထုကိုကိုယ်တိုင်ရေးသား ထုတ်ဝေရင်း လုံးချင်းဝတ္ထုရေး ဆရာဖြစ်ခဲ့ရပါသည်။ သိပ်ချစ်တယ်မဟုတ်လား (၁၉၇၆)၊ ရှင်နေမင်း မှ ပေးသောစာ (ဘာသာပြန် -၁၉၇၆)၊ ချစ်ချစ်ချစ် ၁-၂-၃(၁၉၈၀)၊ ၃ နှင့် အခြားဝတ္ထုတိုများ (၁၉၈၃)၊ ကွမ်းစကား (၁၉၉၉)၊ စာမျိုးစုံလင် စာသဘင် (၂၀၀၉)အပါအဝင် လုံးချင်းဝတ္ထု၊ ဘာသာပြန်ဝတ္ထု၊ ဘဝအတွေ့အကြုံ စာပေပေါင်းချုပ် စာစုပေါင်း ၆၀ကျော်ကို ရေးသားထုတ်ဝေခဲ့ပြီးဖြစ်သည်။
- ၁၉၇၄ ခုနှစ်တွင် ချစ်စံနမူ ရုပ်ရှင်ဇာတ်ကားဖြင့် ရုပ်ရှင်နယ်သို့ ဝင်ပါသည်။ နှောင်းတမြေ့မြေ့၊ အကြင်တို့လင်မယား ဇာတ်ကားများမှာ သူ၏ထင်ရှားသောရုပ်ရှင် များဖြစ်သည်။ ၁၉၇၅ ခုနှစ်တွင် ပန်ဦးပန်မယ့်သူတေးသီချင်းဖြင့် ဂီတနယ်တွင် စတင်ပါဝင် လာပါသည်။
မြန်မာ့အသံဓာတ်ပြားနှင့် ပြင်ပကက်ဆက်တိပ်ခွေပေါင်း ၁၈၀ ကျော် သီဆိုဖြန့်ချိခဲ့သည်။
- ၁၉၉၀ ပြည့်နှစ် အတွက် အကောင်းဆုံး အမျိုးသား သရုပ်ဆောင် အကယ်ဒမီဆုကို ခုနှစ်စဉ်အလွမ်း ဇာတ်ကားဖြင့်ရရှိပါသည်။ ၁၉၉၈ ခုနှစ်အတွက် ပရိသတ်အကြိုက်မန္တလေး စာပေဆုကို ရွှေအမြုတေ မဂ္ဂဇင်းပါ မျိုးရိုးထဲမှ ဆိုးပေကြီးများ စာတွဲမှ အဖေ၏ အမေ အမှတ် ၁၊ ၂၊ ၃(ဆောင်းပါးသုံးပုဒ်) ဖြင့် ရရှိပါသည်။
- ၂၀၀၁ ခုနှစ်ဩဂုတ်လ နှင့် စက်တင်ဘာလတွင် အမေရိကန်နိုင်ငံ အိုင်အိုဝါပြည်နယ် တက္ကသိုလ်မှ ကျင်းပသော နိုင်ငံတကာစာပေ အလုပ်ရုံ ဆွေးနွေးပွဲသို့ မြန်မာနိုင်ငံကိုယ်စား စာရေးဆရာအဖြစ် စာရေးဆရာမမြနှောင်းညို နှင့်အတူ တက်ရောက်ခဲ့သည်။
- စာရေးဆရာ သက်တမ်းတစ်လျှောက် သုံးစွဲခဲ့သော ကလောင်ခွဲအချို့မှာ မဟူရာကိုရင်ဒေဝ_ယျ (ဘာသာရေး ဆောင်းပါးများ) မောင်ဗလ (ကလေးကဗျာများ) စိန်မြယ် (ရုပ်ရှင်ပညာပေးဆောင်းပါးများ) ဖြစ်သည်။ ရုပ်ရှင်ကားကြီး (၄၃)ကားတွင် ပါဝင်သရုပ်ဆောင်ခဲ့သည်။ ထင်ရှားသောရုပ်ရှင်ဇာတ်ကားများမှာ နှောင်းတမြေ့မြေ့(၁၉၇၄)၊ အကြင်တို့လင်မယား (၁၉၇၅)၊ အချစ်နှင့်သူ၏ကိုကို (၁၉၈၁)၊ မောင်စိန်သောင်း မနှင်းရီ မယ်မင်းကြီးမ(၁၉၈၇)၊ ခုနှစ်စဉ်အလွမ်း (၁၉၉၀)တို့ဖြစ်သည်။ ဒါရိုက်တာအဖြစ် ငယ်သူငယ်ချင်း သုံးယောက်ရှိလေသည်။ ပါဝင်သရုပ်ဆောင်ခဲ့သော နောက်ဆုံး ဇာတ်ကားမှာ ဆင့်ဖြစ်သည်။ ခေတ်ပြိုင် သရုပ်ဆောင်များမှာ ထွန်းထွန်းဝင်း၊ နေအောင်၊ ဆွေဇင်ထိုက်၊ ခင်သီတာထွန်း၊ နွဲ့နွဲ့မူတို့ဖြစ်သည်။ ဆောင်းပါး(၁၀၀၀)ပုဒ်ခန့်နှင့် လုံးချင်း (၆၆)အုပ်ခန့် ရေးသားခဲ့ပြီးဖြစ်သည်။ နောက်ဆုံးထုတ် တစ်ကိုယ်တော်စီးရီး မှာ စင်ပေါ်က သုမောင်(၁၉၉၅)ဖြစ်သည်။ မန္တလေး FM တွင် စကားမစပ် အစီအစဉ်ကို တင်ဆက်လျက်ရှိသည်။ သာဓုရုပ်ရှင်ခြံ၊ လေးထောင့်ကန်လမ်း၊ သယ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့တွင် နေထိုင်ခဲ့ပြီး ၂၀၁၀ ခုနှစ် မေလ ၁၆ရက် ည ၉နာရီ တွင် ကွယ်လွန်အနိစ္စရောက်သည်။ ကွယ်လွန်ချိန်တွင် ဇနီးသည်ဒေါ်အေးအေးမေ (အေးဘုံ)၊ သမီးကြီးစိုးအိမ်သူ သားလတ် ဖိုးသောကြာ၊ သားငယ်ထိန်ထိန်သာ၊ သမီးထွေး ထိပ်ထားတို့ကျန်ရစ်သည်။

## မောင်ဗလအလွမ်းပြေ (သုမောင်အမှတ်တရစာစုများ) မာတိကာ


| | |
|---|---|
| ၁။ အလွမ်းပြေအမှာ စာပေသမား သုမောင် | ၁၄ |
| ၂။ မောင်ဟေမာ(ကဗျာ) | ၁၇ |
| ၃။ မောင်နေမျိုး | ၁၈ |
| ၄။ ခင်ဆွေဦး | ၂၀ |
| ၅။ မြေနီသစ္စာ | ၂၉ |
| ၆။ မြတ်ဆွေ | ၃၁ |
| ၇။ ဒေါ်ကလျာ | ၃၄ |
| ၈။ လယ်တွင်းသားစောချစ် | ၃၈ |
| ၉။ ချစ်ဦးညို | ၄၂ |
| ၁၀။ မင်းလူ | ၅၂ |
| ၁၁။ မောင်စိန်ဝင်း(ပုတီးကုန်း) | ၆၀ |
| ၁၂။ နွမ်ဂျာသိုင်း | ၆၄ |
| ၁၃။ ခင်သူသူဝင်း | ၇၀ |
| ၁၄။ သန်းမြင့်အောင် | ၇၆ |
| ၁၅။ မောင်ငြိမ်းသူ(ကြို့ပင်ကောက်) | ၈၃ |
| ၁၆။ ရေနံမြေမောင်မောင်ကြည် | ၉၄ |
| ၁၇။ ဝင်းဝင်းမြင့်(နန်းတော်ရှေ့) | ၉၈ |
| ၁၈။ စည်သူမြသန်း | ၁၀၂ |
| ၁၉။ ကာတွန်းမြေဇာ | ၁၀၆ |
| ၂၀။ ဒေါက်တာဇော်သန်း | ၁၀၈ |
| ၂၁။ အဏ္ဏဝါစိုးမိုး | ၁၁၂ |
| ၂၂။ တင်အောင်(စက်မှုတက္ကသိုလ်) | ၁၁၈ |
| ၂၃။ မော်ဝန်းကြည်မြတ် | ၁၂၉ |
| ၂၄။ မောင်ကျော်သာ(ပဲခူး) | ၁၃၄ |
| ၂၅။ ဟန်ဆန်း | ၁၃၈ |
| ၂၆။ အောင်ဆင့် | ၁၄၁ |
| ၂၇။ ကိုပိုက် | ၁၄၅ |
| ၂၈။ မောင်မောင်ဇော်ဝင်း | ၁၅၁ |
| ၂၉။ အောင်နိုင်ဆွေ(ဦးဦးရွှေ-ရွှေမြန်မာ) | ၁၅၅ |
| ၃၀။ တင်မောင်ထက်(ကွမ်းခြံကုန်း) | ၁၅၇ |
| ၃၁။ မျိုးမြင့်(လှည်းကူး) | ၁၅၉ |
| ၃၂။ သူရဇော် | ၁၆၂ |
| ၃၃။ မောင်မိုးဦး | ၁၆၇ |
| ၃၄။ ဝင်းဝေနောင် | ၁၇၂ |
| ၃၅။ ထွန်းဦးတင် | ၁၇၄ |
| ၃၆။ မုဒုသုမွန် | ၁၇၇ |
| ၃၇။ ဒေါက်တာခင်မောင်လတ်(ရွှေမြန်မာ) | ၁၈၀ |
| ၃၈။ နိုင်လင်းထွန်း(ဆေး/မန်း) | ၁၈၅ |
| ၃၉။ နန္ဒာမိုးကြယ် | ၁၈၇ |
| ၄၀။ မောင်ရွှန်းသစ် | ၁၉၁ |
| ၄၁။ ဘသစ်ထူး | ၁၉၃ |
| ၄၂။ မောင်သဲကြည်(မအူပင်) | ၁၉၆ |
| ၄၃။ ဓာတ်ပုံများကပြောသော စာပေသမား သုမောင်၊ ရုပ်ရှင်မင်းသား သုမောင် | ၂၀၀-၂၀၇ |
| ၄၄။ မင်းယဉ်စု(ကဗျာ) | ၂၀၈ |
| ၄၅။ ဦးမြင့်စိုး(အနုပညာ) | ၂၀၉ |
| ၄၆။ ချစ်သန်းမြင့် | ၂၁၃ |
| ၄၇။ ကြည်စိုးထွန်း | ၂၁၇ |
| ၄၈။ အေးကြူလေး | ၂၂၁ |
| ၄၉။ အောင်စိုးဦး | ၂၂၇ |
| ၅၀။ ထွန်းထွန်းဝင်း | ၂၃၁ |
| ၅၁။ A I သိန်းထွဋ် | ၂၃၅ |
| ၅၂။ မျှားအောင်(ဆွေဗမာ) | ၂၃၈ |
| ၅၃။ ဒါရိုက်တာမျိုးဇော်အောင် | ၂၄၀ |
| ၅၄။ စိုးပိုင် | ၂၄၄ |
| ၅၅။ မောင်နှင်းမိုး | ၂၄၇ |
| ၅၆။ ဆွေမြင့် | ၂၅၀ |
| ၅၇။ အကယ်ဒမီခင်လေးသိမ့် | ၂၅၅ |
| ၅၈။ ဒါရိုက်တာရဲဝန်ထမ်းဟောင်းတစ်ဦး | ၂၅၈ |
| ၅၉။ အကယ်ဒမီအောင်ခိုင် | ၂၆၁ |
| ၆၀။ ချစ်ချစ်ဇော် | ၂၆၃ |
| ၆၁။ ဓာတ်ပုံများကပြောသော ရုပ်ရှင်သမား သုမောင်၊ ဂီတသမားသုမောင် | ၂၆၆-၂၇၃ |
| ၆၂။ မင်းရွှေမင်း(အင်းစိန်-ကဗျာ) | ၂၇၄ |
| ၆၃။ သို့ | ၂၇၅ |
| ၆၄။ မိုးယံ | ၂၇၉ |
| ၆၅။ တင်တင် | ၂၈၃ |
| ၆၆။ ကြယ်တစ်လုံး | ၂၈၇ |
| ၆၇။ မြတ်စိုး(လှိုင်) | ၂၉၀ |
| ၆၈။ သားသုမောင် | ၂၉၄ |
| ၆၉။ ဓာတ်ပုံများကပြောသော ဂီတသမားသုမောင် | ၂၉၈-၃၀၅ |
| ၇၀။ ရွှေကိုဦး(ကာတွန်း) | ၃၀၆ |
| ၇၁။ မျိုးမျိုး(ကာတွန်း) | ၃၀၇ |
| ၇၂။ မောင်ရတနာ(ကဗျာ) | ၃၀၈ |
| ၇၃။ မိသားစုဘဝထဲက မောင်ဗလ | ၃၀၉-၃၁၈ |